## အတွေ့အကြုံဖလှယ်ခြင်းနှင့်အပြန်အလှန်သင်ယူခြင်း

ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဌာနခွဲ၏ စီမံခန့်ခွဲမှုထိရောက်ရေးစီမံချက်ကို ၂၀၀၄ ခုနှစ်တွင် မိတ်ဆက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ပြည်နယ်/တိုင်း (၆)ခုမှ မြို့နယ်(၆) မြို့နယ်တွင် စမ်းသပ်ဆောင်ရွက်ခဲ့ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် နောက်ထပ် (၆)မြို့နယ် တိုးချဲ့ ဆောင်ရွက်မည် ဖြစ်ပါသည်။

### စီမံခန့်ခွဲမှုထိရောက်ရေးစီမံချက်၏အဓိကအချက်များမှာ -

- စီမံခန့်ခွဲမှုထိရောက်ရေးစီမံချက်သည် လေ့ကျင့်သင်တန်းပေးမှုသက်သက်မဟုတ်ခြင်း၊
- စီမံခန့်ခွဲမှု ထိရောက်ရေး စီမံချက်သည် တိုးတက်ကောင်းမွန်သော နည်းလမ်းများဖြင့် ဝန်ဆောင်မှုပေးနိုင်မည့် မန်နေဂျာများနှင့် အဖွဲ့အစည်းများ ပေါ်ထွန်းလာစေပြီး ကျန်းမာရေးစနစ်၏ စွမ်းရည်ကို မြှင့်တင်နိုင်စေရန်အတွက် အသုံးချစီမံခန့်ခွဲမှုနည်းပညာဖြစ်ခြင်း၊

### စီမံခန့်ခွဲမှုထိရောက်ရေးစီမံချက်၏ဥပဒေသများမှာ -

- စဉ်ဆက်မပြတ်တိုးတက်နေခြင်း
- လုပ်ကိုင်ရင်းနှင့်လေ့လာသင်ကြားခြင်း
- ကိုယ့်ကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်း
- အလုံးစုံပူးပေါင်းပါဝင်ခြင်း
- ဗဟုသုတမျှဝေခြင်း၊ အများသုံးဘာသာစကားနှင့် နည်းလမ်းအသုံးပြုခြင်း
- အသုံးချနည်းပညာဖြင့်ချဉ်းကပ်ခြင်း
- ပြည်သူလူထုနှင့်တာဝန်ရှိသူများကိုဦးတည်ခြင်း

မိတ်ဆက်အလုပ်ရုံ ဆွေးနွေးပွဲအပြီးတွင် သင်တန်းအလုပ်ရုံ ဆွေးနွေးပွဲများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အတိုင်ပင်ခံ ပညာရှင်များ၏ နည်းပညာ အကူအညီဖြင့် ဆက်တိုက် ကျင်းပခဲ့ပါသည်။ သင်တန်းတွင် ဆရာဖြစ်သင်တန်းပေးရေး၊ ကိုယ်ပိုင်စွမ်းရည်နှင့် ပညာရပ်ဆိုင်ရာဖွံ့ဖြိုးရေး၊ ဦးဆောင်မှုပေးခြင်းနှင့် အဖွဲ့အစည်းဖြင့် ဆောင်ရွက်တတ်ရေး၊ လူထုဖွံ့ဖြိုးရေးအစီအစဉ်များစသည့် ဘာသာရပ်များ ပါဝင်ပါသည်။ ဗဟို၊ ပြည်နယ်/ တိုင်းနှင့် မြို့နယ်များတွင် ပေါင်းစပ်ညှိနှိုင်းသူများ (သို့) သင်တန်းဆရာများမှ စီမံချက်ဝင် မြို့နယ်များ ဖြစ်သော အရာတော်၊ စဥ့်ကိုင်၊ ရပ်စောက်၊ သုံးခွ၊ ကျုံပျော်နှင့် ပေါင်းတည်မြို့များမှ အခြေခံကျန်းမာရေးဝန်ထမ်းများအား ဆင့်ပွားသင်တန်းများ ပေးခဲ့ပါသည်။





အသင်းအဖွဲ့ဖြင့်လုပ်ကိုင်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အခြေခံကျန်းမာရေး ဝန်ထမ်းများသည် တစ်မြို့နယ်ချင်းစီ၏ ဦးစားပေးပြဿနာတစ်ခုကို သတ်မှတ်ပြီး ကိုယ်ပိုင်မဟာဗျူဟာများ ရေးဆွဲခြင်း၊ ၎င်းပြဿနာများကို ဖြေရှင်းရန်နည်းလမ်းများ၊ စီမံကိန်းများချမှတ်ခြင်း လေ့ကျင့်ခန်းများကို ပြည်နယ်/တိုင်းနှင့် ဗဟို၏ ပံ့ပိုးကြီးကြပ်မှုဖြင့် ဆောင်ရွက်ရပါသည်။ သွားရောက်လေ့လာ ဖလှယ်ခြင်း စီမံချက်သည် စီမံချက်ဝင်မြို့နယ်များမှ အခြေခံကျန်းမာရေးဝန်ထမ်းများ အပြန်အလှန်သွားရောက်၍ အတွေ့အကြုံများဖလှယ်ခြင်း၊ မိမိတို့အစီအစဉ်ဖြင့် အကောင်အထည်ဖော်ထားသည့် လုပ်ငန်းများကို လေ့လာစေခြင်းနှင့် စီမံချက်အပေါ် အမြင်များဖလှယ်ခြင်းများပြုလုပ်ပေးခြင်းဖြင့် ၎င်းတို့၏ စီမံခန့်ခွဲမှု စွမ်းရည်များကို တိုးတက်လာစေခဲ့ပါသည်။

အခြားဒေသများသို့ သွားရောက်လည်ပတ်ပြီး အတွေ့အကြုံများ ဖလှယ်ရယူခြင်းဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏စိတ်ဓါတ်ကို မြှင့်တင်ပေးရာရောက်ပါသည်။ ဥပမာအားဖြင့် အရာတော်မြို့နယ်မှ အခြေခံကျန်းမာရေး ဝန်ထမ်းအတွက် ပေါင်းတည်မြို့နယ်တွင် သလိပ်ထဲ၌ တီဘီပိုးတွေ့လူနာသစ် ရှာဖွေရေးသည် ပြဿနာတစ်ရပ်မဟုတ်သည်ကို သိရှိရခြင်းသည် ၎င်းအတွက် အံ့သြစရာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အရာတော်မြို့နယ်မှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် ၎င်းတို့မြို့နယ်တွင် ရည်မှန်းချက်ရရှိအောင် ဆောင်ရွက်ရာ၌ အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်သောကြောင့် ဖြစ်ပါသည်။ ၎င်းတို့သည် အချင်းချင်း တက်ကြွစွာ ဆွေးနွေးကြပြီး ကွဲပြားခြားနားရခြင်း အကြောင်းရင်းများကို ရှာဖွေသတ်မှတ်ခြင်းနှင့် အသုံးဝင်သော အတွေ့အကြုံများကို လေ့လာ၍ မိမိဒေသအပြန်တွင် ယူဆောင်သွားနိုင်မည်ဖြစ်ပါသည်။

လေ့လာလဲလှယ်ရေးစီမံချက်သည် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ စိတ်ဓါတ်ကို မြှင့်တင်ပေးပြီး ၎င်းတို့အတွက် လွန်စွာအကျိုးရှိသဖြင့် အဆိုပါအစီအစဉ်များ ထပ်မံပြုလုပ်ပေးစေလိုကြပါသည်။ ၎င်းနည်းလမ်းကို အခြားနည်းပညာ စီမံချက်များတွင် သင်ထောက်ကူနည်းတစ်ခုအနေဖြင့် အသုံးပြုနိုင်ပါသည်။ လေ့လာလဲလှယ်ခြင်း စီမံချက်များကို စီစဉ်ဆောင်ရွက်ရာတွင် အရင်းအမြစ်များကို စုစည်းထားနိုင်ပြီး ပိုမိုအကျိုးရှိစွာ အသုံးချနိုင်ပါသည်။